


# မျိုးဆက် တော်လှန်ရေး အပြီးသတ်နဲ့ တန်းတူရေး လက်နက်

မင်းဆွေ (ပေါက်)

၁၉၂၀ ဒီဇင်ဘာ (၅) ရက်နေ့ဟာ ပထမ ကျောင်းသားသပိတ် ဖြစ်တယ်။ ကိုလိုနီ ဗျူရိုကရက် အုပ်ချုပ်မှုအောက် ကိုလိုနီ ပညာရေးစနစ်၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ပယ်ဖျက်ပေးဖို့ ကျောင်းသားများက အရေးဆိုခဲ့ရာက ကျောင်းသား သပိတ် ဖြစ်ခဲ့တယ်။ ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ဗြိတိသျှ အာဏာပိုင်တွေက ကျွန်သက်ရှည်မယ့် ပညာရေး စနစ်ကို သွတ်သွင်းဖို့ "တက္ကသိုလ် ဥပဒေ" တရပ်ကို ဆန့်ကျင် ကန့်ကွက် နေခဲ့ကြတဲ့ ကြားကပဲ ပြဋ္ဌာန်းလိုက်တဲ့အတွက် ရန်ကုန်နှင့် ယုဒသန် ကောလိပ်ကျောင်းသားများက "တက္ကသိုလ် ဥပဒေ" ကို လုံးဝလက်မခံကြဘဲ အဓမ္မ ပြဋ္ဌာန်း လိုက်သည့် ဥပဒေကို သပိတ်မှောက်ကြတာ ဖြစ်ပါတယ်။

တဆက်တည်းပင် တက္ကသိုလ် အာဏာပိုင် မျက်နှာဖြူ ဆရာအား "ဆာ" ထည့် မထူးတဲ့ ကျောင်းသားကို ကျောင်းက ထုတ်ပစ်ခြင်း၊ သမဂ္ဂ ဥက္ကဋ္ဌ ကိုနုကို ကျောင်းက ထုတ်ခြင်း၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းက ထုတ်ပစ်ရန် စီစဉ်ခြင်းတွေက ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်နေ့မှာ ဒုတိယ ကျောင်းသားသပိတ်ကြီးကို ဖြစ်ပေါ် စေခဲ့တယ် ဆိုပေမဲ့လို့ အဓိက အကြောင်းတရားကတော့ ကိုလိုနီ ပညာရေးစနစ်နဲ့ ကိုလိုနီ ပညာရေးစနစ်ကို အသက် သွင်းပေးနေတဲ့ တက္ကသိုလ် ဥပဒေသာ ဖြစ်ပါတယ်။ အဲဒါကြောင့် ၁၉၃၆ ခုနှစ် ဒုတိယ ကျောင်းသားသပိတ်တိုက်ပွဲဟာ ရန်ကုန်တက္ကသိုလ် ဥပဒေ ပြင်ဆင်ရေး၊ ကိုလိုနီ ပညာရေးစနစ် ဖျက်သိမ်းရေးလို့ ဆိုနိုင်ပါတယ်။

၁၉၃၀ ခုနှစ် အောက်တိုဘာလ (၃၀) ရက်မှာတော့ လယ်သမား ခေါင်းဆောင် ဂဠုန် ဆရာစံ ဦးဆောင်တဲ့ လယ်သမား သူပုန် တော်လှန်ရေးကြီး ဖြစ်ပွားခဲ့ပါတယ်။ ဒီတော်လှန်ရေးကြီး ဖြစ်ပွားရတဲ့ အကြောင်းရင်းကတော့ အင်္ဂလိပ်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖိနှိပ်မှုတွေက အဓိက အချက်တွေ ဖြစ်ပါတယ်။ ဒ့ါအပြင် လူခွန်၊ မြေခွန်၊ သစ်တောခွန်၊ အိမ်ခွန်၊ သဿမေဓခွန် စတဲ့ အခွန် အတုတ်တွေကို နည်းမျိုးစုံနဲ့ အဓမ္မ ကောက်ယူကြ ပြန်ပါတယ်။ ဒီ အခြေအနေဆိုးတွေကြောင့် ဂဠုန်တပ်မတော် အမည်ခံ လယ်သမား တော်လှန်ရေးတပ်ကို ဖွဲ့စည်းပြီး လက်နက်နဲ့ ကျူးလွန်လာသူကို လက်နက်နဲ့ တော်လှန်ရမယ် ဆိုတဲ့ ကြွေးကြော်သံကို ကိုင်စွဲရာမှ လယ်သမား တော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ လယ်သမား ဂဠုန်တပ်ဖွဲ့ရဲ့ဆောင်ပုဒ်က "ငတ်၍မသေ တိုက်ရင်း သေမည်" ဖြစ်ပါတယ်။ ၁၉၃၂ ခုနှစ် ဧပြီလ အထိ  လယ်သမား တော်လှန်ရေးကြီးဟာ မြန်မာနိုင်ငံ တဝှမ်းလုံးကို ကူးစက်ပျံ့နှံ့ သွားခဲ့ပါတယ်။

၁၉၃၈ ခုနှစ် ဇန်နဝါရီလ (၈) ရက်နေ့မှာတော့ ချောက်မြို့ ဘီအိုစီ ရေနံမြေ သပိတ်ကြီး ပေါ်ပေါက်ခဲ့ပါတယ်။ မြန်မာ သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှာ ပေါ်ပေါက်တာကြောင့် မြန်မာ့သမိုင်းမှာ ၁၃၀၀ ပြည့် အရေးတော်ပုံအဖြစ် ကဗျည်းတင်ခဲ့ ပါတယ်။ ဒီသပိတ်ကြီး ပေါ်ပေါက်ရတဲ့ အကြောင်းကတော့ (၁) ဘီအိုစီ ရေနံကုမ္ပဏီက ဘာသာရေး အလုပ်ပိတ်ရက် (၁၀) ရက်ကို (၇) ရက် အဖြစ် လျှော့ချခြင်း၊ (၂) အလုပ်သမား တို့ရဲ့ စားဝတ်နေရေးဆိုင်ရာ တောင်းဆိုချက် (၁၂) ချက် ကို မလိုက်လျောခြင်းနဲ့ (၃) ချောက် ဘီအိုစီ မော်တော်ယာဉ်ဌာန စက်ပြင်ဆရာ သခင် ခင် ကို အလုပ်ထုတ် ပစ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ၁၃၀၀ ပြည့် ရေနံမြေ အလုပ်သမား သပိတ်ကြီးဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှား

မှုတွေမှာ အလွန် အရေးပါ အရာရောက်တဲ့ အလုပ်သမား သပိတ်ကြီးဖြစ်သလို မြန်မာ့လွတ်လပ်ရေး တိုက်ပွဲသမိုင်းမှာ အကြီးမားဆုံး လူထုလှုပ်ရှားမှုတိုက်ပွဲကြီးလည်း ဖြစ်ပါတယ်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာ (၂၁) ရက်နေ့မှာတော့ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂက ဦးဆောင်ပြီး ရန်ကုန်မြို့ အတွင်းဝန်များရုံးကို ဝိုင်းဝန်း ဆန္ဒပြရာ နယ်ချဲ့အစိုးရ မြင်းစီးပုလိပ်များရဲ့ တုတ်ချက်အောက်မှာ ပြင်းထန်စွာ ဒဏ်ရာရ ကျောင်းသား ကျောင်းသူ(၂၀၀)ခန့်အနက် ဂျပ်ဆင်ကောလိပ် ဥပစာတန်းကျောင်းသား ကိုအောင်ကျော် အသက် စတေးခဲ့ရ ပါတယ်။ ကျောင်းသားထုကြီးနဲ့ တပြည်လုံးရှိ မြန်မာ လူထုကြီးက ကိုအောင်ကျော်အား ဗိုလ်ဘွဲ့တပ်ပြီး ဗိုလ်အောင်ကျော်ဟု ဂုဏ်ပြုခဲ့ကြ ပါတယ်။

မကြာမီက ဖြစ်ပွားခဲ့တဲ့ ၁၃၀၀-ပြည့် အရေးတော်ပုံကြီးနဲ့ ခရီးရှည် ချီတက်ကြတဲ့ ရေနံမြေ လုပ်သားကြီးတို့ရဲ့ ဆန္ဒပြပွဲတွေ၊ ဗိုလ်အောင်ကျော် ကျဆုံးခဲ့ခြင်း စတဲ့ အဖြစ်အပျက်တွေဟာ မြန်မာ တမျိုးသားလုံးကို အမြဲတစေ စိတ်ဓါတ်တက်ကြွ လှုပ်ရှားနေစေခဲ့သလို နယ်ချဲ့အင်္ဂလိပ် အစိုးရနဲ့ အစိုးရလက်ပါးစေ မြန်မာအရာရှိတွေကို မြန်မာ တမျိုးသားလုံးက လွန်စွာ ရွံမုန်းနေကြတဲ့အတွက် ဖိနှိပ် ရက်စက်မှုတွေကို ဆန့်ကျင် တော်လှန်ဖို့ စိတ်ဓါတ် ပြင်းထန်နေကြတဲ့ အချိန်လည်း ဖြစ်ပါတယ်။

၁၃၀၀-ပြည့် အရေးတော်ပုံနဲ့ ဗိုလ်အောင်ကျော် ကျဆုံးပြီးနောက် မြန်မာတပြည်လုံး လှုပ်ရှား ထကြွနေတဲ့အတွက် နယ်ချဲ့အစိုးရဟာ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးတွေမှာ လူစုလူဝေးနဲ့ ချီတက် ဆန္ဒပြခြင်း မပြုလုပ်နိုင်ရန် ပုဒ်မ-၁၄၄- အမိန့်ကို ထုတ်ပြန်ထားရှိခဲ့ပါတယ်။ ဒီအမိန့်ကို ဖီဆန်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးကို မန္တလေးမှာ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ရဟန်းရှင်လူ အာဇာနည် (၁၇) ဦး အသက်စတေး ကျဆုံးခဲ့ရ ပါတယ်။

မန္တလေးမြို့လူထုဟာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲရဲ့ တပ်ဦးက ကျဆုံးသွားခဲ့တဲ့ အာဇာနည် (၁၇) ဦးကို "နေမျိုးသီဟသူရ" ဘွဲ့များ အပ်နှင်း၍ စည်ကားစွာ သဂြိုလ်ကြပြီးနောက် အာဇာနည် ကျောက်တိုင်တွေကို စိုက်ထူပေးခဲ့ကြ ပါတယ်။ မြန်မာ့သတ္တိ၊ မြန်မာ့ ဖွဲ့မာန်၊ မြန်မာ့ စွမ်းအင်ကို ပြသရင်း တိုင်းပြည်အတွက် အသက်စွန့်သွားကြတဲ့ မန္တလေး အာဇာနည် (၁၇) ဦးဟာ သမိုင်း မကွယ်သရွေ့ အမှတ်ထင်ထင် ရှိနေကြဦးမှာသာ ဖြစ်ပါတယ်။

ဒီ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကနေ သင်ခန်းစာ (၂) ခု ရရှိလိုက် ပါတယ်။ တခုက မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲကို လူထုလှုပ်ရှားမှု သက်သက်နဲ့ မရနိုင်။ ပြည်သူတို့ လက်နက်ကိုင်တပ်နဲ့ ပါဝင်ဆင်နွှဲနိုင်မှ ရနိုင်မယ်ဆိုတဲ့ အမြင်နဲ့ ဒုတိယမှာ တပ်ပေါင်းစုဆန်တဲ့ တို့ဗမာ သခင် အဖွဲ့အစည်း ခေါင်းဆောင်မှုနဲ့လည်း မရနိုင်။ ပိုမိုပြတ်သားပြီး အမာခံ စည်းကမ်းကြီးတဲ့ လူတန်းစား ပါတီတရပ်ရဲ့ ခေါင်းဆောင်မှုနဲ့သာ ရယူနိုင်မယ် ဆိုတဲ့ အမြင်တို့ ဖြစ်ကြပါတယ်။

အလားတူ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ဖြစ်ပွားခဲ့တဲ့ ၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကြီးဆိုတာဟာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ တိုက်ပွဲ အဆက်ပါ။ ၁၉၈၈ ခုနှစ် ဩဂုတ်လမှာ မြန်မာ နိုင်ငံတဝှမ်းလုံးရှိ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အရွယ်ပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ ပါဝင်တဲ့ ပြည်သူလူထုကြီး တရပ်လုံးဟာ မကြုံစဘူး ထူးကဲလှစွာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စုစည်းညီညွတ်စွာဖြင့် အုံကြွခဲ့ ကြပြီး မဆလ တပါတီ အာဏာရှင်စနစ်ကို ဖြိုချ ဖျက်သိမ်း၍ ဒီမိုကရေစီ ရရှိရေး တောင်းဆို တိုက်ပွဲဝင်မှုကြီး တရပ်ကို ပေါ်ပေါက်စေခဲ့ ပါတယ်။ အသက်သွေးချွေးပေါင်း မြောက်မြားစွာ သွန်းလောင်း ရင်းနှီးပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ မြန်မာနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာဖို့ ကြိုးပမ်းခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီကနေ လိုအပ်ချက်အရ ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့မှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဖြစ်ပေါ်လာ ပါတယ်။ နောက် ၁၉၉၀ ရွေးကောက်ပွဲ ဖြစ်လာတယ်။ မြန်မာ ပြည်သူတရပ်လုံးရဲ့ရှေ့ဆောင်ပါတီကြီးလည်း ဖြစ်ပါတယ်။ အကြောင်းကတော့ မဲပေးပိုင်ခွင့်ရှိသူ ဦးရေ သန်း (၂၀) မှာ (၁၅) သန်းက အတည်ပြု ရွေးကောက် တင်မြှောက်ထားတဲ့ ပါတီဖြစ်လို့ ပါပဲ။ (၈၂)% နဲ့ ကို ပြတ်ပြတ်သားသား အနိုင်ရထားတဲ့ ပါတီ ပါ။

အဲဒါကြောင့် ရှစ်လေးလုံးလို့ ပြောရင် အန်အယ်လ်ဒီ ပါပြီးသား ပါ၊ တခါ အန်အယ်လ်ဒီလို့ ဆိုလိုက်တာနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တန်းမြင် ရမှာပါ၊ ၁၉၉၀ ရွေးကောက်ပွဲကလည်း တဆက်တည်းပါ။ ၈၈၊ ဒီချုပ်၊ ဒေါ်စု၊ ၉၀ တို့ဟာ သီးခြားစီ ခွဲထုတ်ပြောမယ်ဆိုရင် အဓိပ္ပါယ် သိပ် မရှိလှ ပါဘူး။ တဆက်စပ်တည်းဖြစ်မှ သဘာဝကျပြီး အနှစ်သာရ ပြည့်ဝမှာပါ။ ဒီမှာ တဆက်တည်း ထပ်ဖြည့်ပြောရမယ့် နောက်တချက်က တွေ့ဆုံဆွေးနွေး အဖြေရှာရေးနဲ့ အမျိုးသားပြန်လည် ရင်ကြားစေ့နိုင်ရေးပါ။ ဒါကြောင့် ၈၈၊ ဒီချုပ်၊ ဒေါ်စု၊ ၉၀၊ ဒိုင်ယာလော့နဲ့ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးဟာ ၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ကောင်းမှုပြုချက်တွေပါ။

ရှစ်လေးလုံး အရေးတော်ပုံကြီးက ဖမ်းဆုပ်ယူနိုင်လိုက်တဲ့ သင်ခန်းစာကတော့ စုစည်းခိုင်မာတဲ့ ရည်မှန်းချက် အားနည်းခဲ့တာရယ်၊ မဟာ ဗျူဟာမြောက် စီမံကိန်း လုပ်ငန်းစဉ်ပိုင်း အားနည်း မပြည့်စုံခဲ့တာရယ်၊ အချို့လူကြီးပိုင်းတွေရဲ့ အမြော်မြင်နည်းပါးမှုနဲ့ အချိန်ကို ကောင်းစွာ  အသုံးမချတတ်မှုတွေကြောင့် လက်မတင်လေး ရောက်ပြီးကာမှ လက်လွှတ် ဆုံးရှုံးသွားခဲ့ရတာရယ် လို့ ကျနော့်အနေနဲ့ ကောက်ချက်ဆွဲချင် ပါတယ်။

ဟော အခုတခါ ၈၈ ရဲ့တိုက်ပွဲအဆက် ပေါ်လာပါတယ်။ ၂၀၀၇ စက်တင်ဘာ  (၁၈) ရက် ရွှေဝါရောင် တော်လှန်ရေးကြီးပေါ့။  ဘုရားသားတော်တွေ ဦးစီး ဦးရွက်ပြုတဲ့ စစ်အာဏာရှင် ဖျက်သိမ်းရေး သံဃာ့လှုပ်ရှားမှု တိုက်ပွဲကြီး ပါပဲ။ အမည်ရင်းဦးစန္ဒောဘာသလို့ ဘွဲ့အမည်တင်တဲ့ အသျှင်ဂမ္ဘီရ ကိုယ်တော်က သံဃာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခဲ့သလို အခြား သံဃာ့ သူရဲကောင်းတွေကိုလည်း သမိုင်းအစဉ်အလာ မပျက် မွေးထုတ်ပေးနိုင်ခဲ့ ပါတယ်။  အံ့လောက်ပါရဲ့တို့တိုင်းပြည်။

ကောင်းမှုပြုချက်တွေကတော့ အများကြီးလို့ ပြောရမယ် ထင်ပါတယ်။ အဲဒီအထဲကမှ အဓိကကျ အရေးပါတဲ့ အချက်တချို့လို့ ကျနော့် သဘောအရ ထင်မြင်တာကို ပြောပြပါ့မယ်။ (၁) ပြတ်နေတဲ့ မျိုးဆက်ကွင်းဆက်ကို ပြန်ချိတ်ပေးလိုက်နိုင်တယ်၊ (၂) အာဏာရှင်စနစ်ကို အပြီးတိုင် မောင်းထုတ် သုတ်သင်ပစ်ရမယ် ဆိုတဲ့ အသိတရားကို မြန်မာပြည်သူ တရပ်လုံးရဲ့နှလုံးသားထဲကို အရောက် ပို့ပေးလိုက် နိုင်တယ်၊ (၃) အာဏာရှင်တွေရဲ့သရုပ်သကန်ကို ကမ္ဘာက သိအောင် ဖွင့်ချလှစ်ဟ ပြနိုင်ခဲ့တယ်၊ (၄) ဗုဒ္ဓဘာသာ ကိုးကွယ် ယုံကြည်ကြတဲ့ တိုင်းပြည် နိုင်ငံတွေ အပါအဝင် အခြားဘာသာ ကိုးကွယ်ယုံကြည်သူများကိုပါ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးတဲ့ သူတွေအဖြစ် နားလည် လက်ခံသွား စေတယ်၊ အခြားသောကောင်းမှု ပြုချက်တွေလည်း ကျန်ရှိပါလိမ့်ဦးမယ်။

ဒီသမိုင်း ဖြစ်စဉ်တွေကို ပြန်ပြောပြ နေရတာကတော့ ဒီလိုပါ။ ကျနော်တို့ မြန်မာ ပြည်သူတွေဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရယူခဲ့ပြီးပေမဲ့လို့ ဒီကနေ့ ထိတိုင် လွတ်လပ်ရေးရဲ့စစ်မှန်တဲ့ အရသာကို မခံစား မရရှိသေးဘူး ဆိုတာကို သမိုင်းဖြစ်စဉ်တလျှောက် ပြန်တွက်ကြည့်ရင် (၆၂ စစ် အာဏာသိမ်းပြီးနောက် ၇၄ ဖွန်လ အလုပ်သမားအရေးအခင်း၊ ဒီဇင်ဘာ ဦးသန့် အရေးအခင်း၊ ၇၅ မှိုင်းရာပြည့်၊ ၇၆ ကျွန်းဆွယ် အရေးအခင်း၊ ၇၆ စစ်တွေ ဆန်လုပွဲ.....စတဲ့ လူထုတိုက်ပွဲတွေနဲ့ စဉ်ဆက်မပြတ် တော်လှန်ခဲ့ကြတယ် ဆိုတာကို) အထင်းသား တွေ့မြင် နိုင်ပါတယ်။

အဲဒီအပေါ် သင်ခန်းစာနဲ့ အတွေ့အကြုံယူပြီး တော်လှန်ရေး အင်အားစု၊ နိုင်ငံရေး အင်အားစုတွေအကြား မတူ ကွဲပြားချက်တွေကို စစ်ထုတ်ယူ ညှိနှိုင်းပြီး ဘုံလုပ်ငန်းစဉ်ဖြစ်တဲ့ စစ်အာဏာရှင် ဖြုတ်ချရေး တိုက်ပွဲစဉ်မှာ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံး ညီညွတ်မှု၊ ဟန်ချက်ညီ ချိတ်ဆက်နိုင်မှု အစရှိတဲ့ တန်းတူရေး လက်နက်ကို တစုတစည်း ကိုင်စွဲပြီး ၂၀၁၀ မှသည် အနာဂတ် (၂၁) ရာစုသစ်ကို သွေးမော်ကွန်းနဲ့ အလျှင်အမြန် ထိုးဆစ်ထုပိုင်း ပစ်နိုင်ကြဖို့ပါ။

ဒီလိုမှ မဟုတ်ရင်တော့ ကျနော်တို့ မျိုးဆက် တာဝန်မကျေခဲ့မှုဟာ သမိုင်း အမဲစက်ကြီးအဖြစ် တင်ကျန်ရစ်သွားမှာ ဖြစ်သလို အလွန်ကြီးမားတဲ့ သမိုင်းဝန်တာကြီးကို မျိုးဆက်သစ်တွေဆီ အမွေအဖြစ် လွှဲပြောင်းပေးသလို ဖြစ်သွားပါလိမ့်မယ်။ သမိုင်းဆိုတာ အင်မတန် တန်ဖိုးအနဂ္ဂ ထိုက်တန်လှပါတယ်။

မင်းဆွေ (ပေါက်)
၂၀၁၀ခုနှစ် ဩဂုတ်လ(၁)ရက်။